## ခွဲစိတ်မှုမတိုင်မီပြင်ဆင်ရ မည့် အ ချက်အလက်

- သင့်ခလေးငယ်အား ခွဲစိတ် မှုမတိုင်မီ နှစ်ပါတ်ကြိုဗီတာမင် သို့မဟုတ် ဓါတ်စာကျွေးခြင်းကိုရပ်ဆိုင်းရမည်။
- ခွဲစိတ်ရမည့်ရက်တွင်သင့်အခြားခလေးငယ်များကိုပြုစုပေး နိုင်မည့်သူအားစီ စဉ်ရမည်။
- ခွဲစိတ်မှုမတိုင်မီနှင့်သင့် ခလေးအား ကာကွယ်ဆေး မထိုး မီPSHကို ဆက်သွယ်ပါ။
- သင်ခလေးအားခွဲစိတ်ခြင်းမတိုင်မီ ၂၄နာရီအတွင်းအရက် သို့မဟုတ် အခြား မူးယစ်သေစာများမပေးပါနှင့်။

### ခွဲစိတ်ခြင်းမပြုမီဖုန်းဖြင့်ဆက်သွယ်ပါ

ခွဲစိတ်မည့်ရက်မတိုင်မီ အလုပ်ရက် ငါးရက်အတွင်းတရက် ရက်၌၊တကြိမ်၊သင့်အားဆက်သွယ်ပါမည်။ အကယ်၍ခွဲစိတ်မှု မတိုင်မီတရက်အကြိုနေ့လည့်၂နာရီအထိ၊သင့်အားဆက်သွယ် ခြင်းပြုမလာပါက၊ခွဲစိတ်ရမည့်ဌာနသို့ဆက်သွယ်ပါ။ သင့်အား အောက်ပါအချက်အလက်များနှင့် ပါတ်သက်၍အသိပေးပါမည်–

**ခွဲစိတ်ရမည့်ရက်–** ______________________

**ခွဲစိတ်ရမည့်အချိန်–** ______________________

**ရောက်ရှိရမည့်အချိန်–** ______________________

အောက်ဖော်ပြပါအစားအစာများကိုကျွေးမွေးခြင်း၊မည်သည့် အချိန် ရပ်ဆိုင်းရမည်ဆိုခြင်းကိုသင့်အားညွှန်ကြားပေးပါမည်–

| အစာ/အရည်စာ | မည်သည့်အချိန်ရပ်ဆိုင်း |
|---|---|
| အမာစာများ၊မိခင်နို့မှလွဲ၍အခြားနို့ များ၊ချင်းဂမ်းများ နှင့်အချိုလုံးများ ကိုရပ်ဆိုင်းပါ | |
| လူမမည်ခလေးစာများနှင့်ပျစ်ခဲသည့် အရည်များ ကိုရပ်ဆိုင်းပါ | |
| မိခင်နို့တိုက်ကျွေးခြင်းကိုရပ်ဆိုင်းပါ | |
| အရည်ကြည်မှန်သမျှရပ်ဆိုင်းပါ | |

Akron Children's Hospital

### Akron ခွဲစိတ်ရေးဌာန တည်ရှိရာနေရာများ (Surgery Locations)

**GOJO Outpatient Surgery Center**
Kay Jewelers Pavilion, ၃လွှာ
Akron, OH 44302
330-543-1040

348 Locust St. ရှိ P2 Exchange Deck တွင်ကားရပ်ပါ

**ခွဲစိတ်မှုနှင့်ဆိုင်သည့်ဝန်ဆောင်မှုများ (Surgical Services)**
Main Hospital Building, ၄လွှာ
Akron, OH 44308
330-543-8529

199 W. Bowery St. ရှိ P1 Bowery Deck တွင်ကားရပ်ပါ

ကားရပ်သည့်နေရာမှဆေးရုံသို့ဝင်ပါက၊ညာဖက်သို့ ကွေ့၍တံတား တလျှောက်လမ်းဖြတ်လျှောက်ပါ။ သင်၊ပင်မ အဆောက်အဦး၏တတိယအထပ်သို့ရောက် သွားပါမည်။ အဝါဓါတ်လှေကား ဖြင့်၄လွှာသို့တက်ပါ။

### Mahoning Valley ခွဲစိတ်ရေးဌာနတည်ရှိရာနေရာ

**Kikel Center for Pediatric Surgery**
Akron Children's Hospital Mahoning Valley
Building B
6505 Market St.
Boardman, OH 44512
330-746-8110

Building D အနောက်ဖက်နေရာတွင်ကားရပ်ပါ။

5/22 - 4072

Akron Children's Hospital

# Perioperative Surgical Home

## 330-543-7777



### PSH ဆေးခန်းတည်ရှိရာနေရာ

Akron
**Akron Children's Hospital**
**199 W. Bowery St. ရှိ P1 Bowery Deck တွင် ကားရပ်ပါ**
Akron, OH 44308

ကားရပ်သည့်နေရာမှဆေးရုံသို့ဝင်ပါက၊ညာဖက်သို့ ကွေ့၍တံတား တလျှောက်လမ်းဖြတ်လျှောက်ပါ။ သင်၊ ပင်မအဆောက်အဦး၏တတိယအထပ်သို့ရောက် သွားပါ မည်။ လိမ်မော်ရောင်ဓါတ်လှေကားဖြင့်၈လွှာသို့တက်ပါ။

Mahoning Valley
**Akron Children's Hospital Mahoning Valley**
6505 Market St. Building A
Boardman, OH 44512
330-746-8110

Building A အရှေ့ဖက်နေရာတွင်ကားရပ်ပါ။

# Perioperative Surgical Home

Perioperative Surgical home (PSH) မှ ကြိုဆိုပါ၏။ Akron Children's Hospitalကသင့်အတွက် ပြီးပြည့်စုံသည့် ဂရုတစိုက်ဆောင်ရွက်ပေးမှုနှင့် မိသားစုတိုင်းအတွက်အကောင်းဆုံး အတွေ့အကြုံပေးနိုင်စွမ်းရှိခဲ့ပါ သည်။

PSH ကညှိနှိုင်းဆောင်ရွက်မှုဖြင့် ခွဲစိတ်ရန်စီစဉ်နေချိန် ခွဲစိတ်စဉ်နှင့်ခွဲစိတ်ပြီး အိမ်ရောက်သည့်နောက် တလျှောက်လုံးတွင်လဲ အလေးထားဆောင်ရွက်၍ရလာဘ် ကောင်းများထွက်ပေါ်စေသည်။

## ခွဲစိတ်မှုနှင့်သက်ဆိုင်သည့်အချက်အလက်များ

**ခွဲစိတ်ရမည့်ရက်–** ______________________________

**ခွဲစိတ်ဆရာဝန်–** ______________________________

**ခွဲစိတ်မှုတည်နေရာ–** ______________________________

## PSHနှင့်တွေ့ချိန်

**PSHနှင့်တွေ့မည့်ရက်–** ________________ **အချိန်–** __________

**သင့်ခလေးအားခွဲစိတ်ကုသမှုမပြုမီအနည်းဆုံး ၂ပါတ်အကြိုPSHနှင့်ရက်ချိန်းမရပါကကျေးဇူးပြု၍ 330–543–7777သို့ဆက်သွယ်ပါ။**

**PSH၏အဓိကရည်မှန်းချက်က၊ခလေးတဦးစီးချင်း၊အကောင်းဆုံးကျန်းမာရေးအခြေအနေရရှိနေစေရေးနှင့် ခွဲစိတ်မှုခံယူနိုင်စေရေးပင်ဖြစ်ပါသည်။**

**မေးခွန်းတစုံတရာရှိပါကPSHအား 330–543–7777၌ဆက်သွယ်နိုင်ပါသည်။**

## PSHသို့ဘာတွေယူဆောင်လာရမည်နည်း?

- လူနာ နှင့်မိဘ/အုပ်ထိန်းသူ။ အရွယ်ရောက်ပု**ဂိုလ် ၂ဦး**သာလျှင် ခလေးနှင့်အတူ စစ်ဆေးရေးအခန်းတွင်၊နေခွင့်ရှိမည်ကို၊ မှတ်သားရပါမည်။

  အကယ်၍မိဘ/အုပ်ထိန်းသူ မလာနိုင်ပါက၊ခလေး၏ဆေးရာဇဝင်နှင့်မိသားစုရာဇဝင်ကို နားလည်သည့် အဖိုး၊အဖွားကိုခေါ် ဆောင်လာနိုင်ပါသည်။
- အကယ်၍မိဘအုပ်ထိန်းသူမလာနိုင်ပါကလဲဖုန်းနှင့်ဆက်သွယ်ပြုနေရပါမည်။
- ခလေးအားကိုယ်ပိုင် ထိန်းသိမ်းခွင့် သို့မဟုတ်အုပ်ထိန်းသူဖြစ်ကြောင်းတရားဝင်စာရွက်အထောက် အထား။
- ကျန်းမာရေးရာဇဝင်၊သွေးထွက်မှုပုံမှန်မရှိခြင်း၊သို့မဟုတ် မေ့ဆေး ပြသနာရှိ၊မရှိဖော်ပြသည့်လူနာနှင့်/သို့မဟုတ်မိသားစုရာဇဝင်ဆေး မှတ်တမ်း။
- သင့်ခလေးနှင့်မတည့်သည့်အရာများစာရင်း၊ ဆေးဝါး၊ အစားအသောက်၊လက်တက်(က်)Latex သို့မဟုတ် ဓါတ်သတ္တုMetalအပါအဝင်။
- လွန်ခဲ့သည့်ရက်၃၀အတွင်းသင့်ခလေးအားတိုက်ကျွေးခဲ့သည့်ဆေးဝါးစာရင်း၊ချောင်းဆိုးပျောက်ဆေး၊သွားကိုက်ပျောက်ဆေး၊ဝမ်းပိတ်ဆေး၊ဝမ်းနူပ်ဆေး၊ဗီတာမင် ပလပ်စ်၊သဘာဝဆေးဝါး သို့မဟုတ် မရှိမဖြစ်လိုအပ်သည့်အဆီများအပါအဝင်။
- အခြားဆေးရုံသို့မဟုတ်၊ဆေးစစ်ဌာန တွင်သင့်ခလေးအတွက်ပြုလုပ်ထားသည့် X -raysနှင့်/သို့မဟုတ် CT/MRI ရှိပါက မိတ္တူများ။
- သင်ခလေးအား၊ကုသသည့် အထူးကုဆရာဝန်များ၏အမည် နှင့်ဆက် သွယ်ရမည့်ဖုန်းနံပါတ်။

**ဆေးရုံသို့မလာမှီ၊သင့်ခလေး နာမကျန်းဖြစ်ခဲ့ပါက၊ PSHသို့ဆက်သွယ်ပါ။**

PSHပါတ်ဝန်းကျင်တဝိုက်တွင်အစားအသောက်ယူဆောင်ခွင့်မရှိပါ။ အစားအသောက်နှင့်မုန့်ပဲသွားရည်စာများဘယ်မှာရနိုင်သလဲဆိုတာ ကျွနုပ်တို့ကိုမေးမြန်းပါ။

## PSHထံမှဘာမျှော်ကိုးနိုင်သလဲ?

ကျွန်ုပ်တို့အသင်းတွင်ခေတ်မီကျွမ်းကျင်သည့်ပညာရှင်များ(advanced practice providers, APPs)၊သူနာပြုများ၊ဆေးဖက်ဆိုင်ရာဝန်ထမ်းများနှင့်ခလေးဘဝကျွမ်းကျင်သူများ၊သင့်ထံလာရောက်ချိန်၊ တနာရီကြာမြင့်မည်ဟုမျှော်လင့်နိုင်ပါသည်။

- APPကသင့်ခလေး၏ဆေးရာဇဝင်နှင့်ကိုယ်ကာယစစ်ဆေးမှုပြု၍ရလာဒ်များကိုသင့်အားပြောပြပေမည်။
- အကယ်၍သင့်ခလေး၌၊ခွဲစိပ်မှုမတိုင်မှီ သတိထားရ မည့် ဖက်ဆိုင်ရာပြဿနာတစုံတရာရှိပါကသင့်ခလေးကျန်းမာရေးတိုး တက်စေရန်အတွက်ကျွနုပ်တို့ စီစဉ်ဆောင်ရွက်ပေးပါမည်။

  သင့်ခလေးကျန်းမာရေးစိတ်ချကောင်းမွန်စေရန်လိုအပ်သည်ဟု ကျွနုပ်တို့ယူဆပါက၊ခွဲစိတ်မှုရက်ရွှေ့နိုင်ပါသည်။ ကျွနုပ်တို့တွေ့ရှိချက်နှင့် ပါတ်သက်၍သင့်ခလေးခွဲစိတ်ဆရာဝန်အားအသိပေး၍သင့်ခလေး ကျန်းမာရေးအတွက်အကောင်းဆုံးဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်ရေးဆွဲနိုင်သည်။
- ခွဲစိပ်မှုမပြုမှီ၊သင့် ခလေး၏ဆေးစစ်ချက်သို့မဟုတ်ဆေးဝါးနှင့်ပါတ်သက်၍၊သင့်အားအသိပေးမည်။
- သင့်ခလေးကျန်းမာရေးဂရုစိုက်သည့်အသင်းတွင်အထူးကုများပါလျှင်၊ခွဲစိတ်မှု၌အရေးပါသည်ဟုငင်းတို့ယူဆသည့် ညွှန်ကြားချက်များနှင့်ဆေးကင်းရှင်းချက်ထောက်ခံချက်ရယူရမည်။
- ကျွနုပ်တို့အဖွဲ့တွင်ဘုတ်အဖွဲ့က၊ထောက်ခံထားသည့်ခလေးအထူးကုမေ့ဆေးဆရာဝန်ရှိပါသည်။
- PSHလာရောက်ချိန်နှင့်သို့မဟုတ် ခွဲစိတ်ရမည့်ရက်၌ခလေးဘဝကျွမ်းကျင်သူ များက၊သင့်ခလေးနှင့်မိဘတို့၏ပူပန်မှုကိုလျှော့ကျစေရန်နှင့်အားပေးရန်အတူရှိနေမည်။ ငင်းတို့က၊သင့်ခလေးအသက်အရွယ်အလိုက်ကြားဝင်၍၊သင့်ခလေးအားခွဲစိပ်မှုခံယူရန်ပြင်ဆင်ပေးမည်။
- အဘယ်ကြောင့်ဆိုလျှင် သင့်ခလေးအားခွဲစိပ်မှုအတွက်ပြင်ဆင်နေခြင်းဖြစ်ပါသည်။တခြားတောင်းဆိုချက် ဥပမာကျောင်း/အားကစားပုံစံစာရွက်အတွက်ဆိုပါက ကျွနုပ်တို့ဖြည့်ဆည်းပေး နိုင်မည်မဟုတ်ပေ။